# Young Insurance Co.,Ltd.

## "အလုံးစုံမော်တော်ယာဉ် အာမခံထားရှိသော Customerများ သိရှိလိုက်နာရန် အချက်များ"

(၁) ယာဉ်ထိခိုက်မှုဖြစ်လျှင် Young Insurance Co.,Ltd. သို့ ချက်ချင်းအကြောင်းကြားရန်လိုအပ်သကဲ့သို့ လျော်ကြေးများ မြန်ဆန်စေရေးအတွက်တာဝန်ရှိသူများ၏ကူညီညွှန်ပြမှုနှင့်အညီ ဆောင်ရွက်ထားရှိရန် လိုအပ်ပါ သည်။ ထိခိုက်မှုဖြစ်ပွားသည့် အနေအထားကို ဓာတ်ပုံမှတ်တမ်းတင်ထားရန် လိုအပ်ပါသည်။

(၂) ယာဉ်ပျက်စီးမှုအား YIG မှသတ်မှတ်ထားသော Workshop တွင် ပြုပြင်နိုင်ပါသည်။ အကယ်၍ Customer များ၏ နှစ်သက်ရာ Workshop တွင် ပြုပြင်ပါက YIG ရာဖြတ်မှ သတ်မှတ်ပေးသော ပြုပြင်စရိတ်ကိုသာ ပေးလျော်ပါမည်။ ယာဉ်ပျက်စီးမှုအတွက် ပြုပြင်ရသော ကုန်ကျစရိတ် ပြေစာများ တင်ပြရပါမည်။

(၃) မော်တော်ယာဉ် ပြင်ဆင်ရာတွင် ပြုပြင်၍မရမှသာ အစားထိုးလဲလှယ်ခြင်းကို ခွင့်ပြုပါမည်။ လိုအပ်သည် ထက်ပို၍ပြင်ဆင်သော အစိတ်အပိုင်းများအတွက် ကုန်ကျစရိတ်အား မော်တော်ယာဉ်ပိုင်ရှင်မှ ကျခံရပါမည်။ ပြည်တွင်းတွင် ပြင်ဆင်၍ မရသော အစိတ်အပိုင်းများအတွက် တန်ဖိုးဖြတ်၍သာ ပေးလျော်ပါမည်။

(၄) အာမခံထားသည့်ယာဉ်၏ ကာလပေါက်ဈေးအမှန်ထက် တန်ဖိုးလျော့၍ အာမခံထားရှိပါက လျော်ကြေးငွေကို ပျမ်းမျှတွက်ချက်မှုဖြင့်သာ ပေးလျော်ပါမည်။

(၅) အာမခံပေါ်လစီ၊ ကားလိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ယာဉ်မောင်းလိုင်စင်သက်တမ်း နှင့် ယာဉ်မောင်းသတ်မှတ် လိုင်စင် အကျုံးဝင်မှသာလျှင် လျော်ကြေးငွေကို ပေးလျော်မည်ဖြစ်ပါသည်။

(၆) ထိခိုက်မှုဖြစ်ပါက ရဲစခန်းသို့တိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းကိစ္စရပ်များမှာ အာမခံထားသူမှ ဆောင်ရွက်ရ မည့်လုပ်ငန်းဖြစ်ပါသည်။ ယာဉ်လမ်းကြောင်းမှန်/မမှန်၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ အရက်သေစာ သောက်စားခြင်းစသည်တို့မှာ ယာဉ်ထိန်းရဲစခန်း၏မှတ်ချက်သည် အတည်ဖြစ်ပြီး၊ မိမိပေါ့လျော့မှုဖြစ်ပါက လျော်ကြေးကို အပြည့်အဝမရရှိနိုင်ပါ။

(၇) "Theft" အကာအကွယ်ယူထားပါက ပစ္စည်းပျောက်ဆုံးကြောင်း ရဲစခန်းတွင်အမှုဖွင့် တိုင်ကြားမှုပါရှိ ရပါမည်။ ယာဉ်တစ်စီးလုံးပျောက်ဆုံးမှုအတွက် (၃)လအထိအမှုမပိတ်သိမ်းနိုင်ပါက (၆)လအထိလျော်ကြေးပေး ချေရန် စောင့်ဆိုင်းရပါမည်။

(၈) ယာဉ်၏ အစားထိုးလဲလှယ်ရသော အစိတ်အပိုင်းဟောင်းများကိုလည်း Young Insurance သို့ပြန်လည်အပ်နှံ ရမည် ဖြစ်ပါသည်။

(၉) Total Loss ဖြစ်ပေါ်လျှင်လည်း ပျက်စီးဆုံးရှုံးသွားသော ယာဉ်ကိုအပ်နှံရမည် ဖြစ်ပါသည်။

(၁၀) အာမခံထားသည့်ယာဉ်၏ မှာယွင်းမှုကြောင့် တစ်ဖက်နစ်နာရသည့် မှားယွင်းမှုအပေါ်တွင်ပေါ်လစီ စည်းကမ်းများ အရသာပေးလျော်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာယာဉ်ထိန်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြား မှသာလျှင် Third Party အတွက် ပေးလျော်မည် ဖြစ်ပါသည်။

(၁၁) အာမခံထားသည့်ယာဉ်ကြောင့် လူသေဆုံးခြင်းတစ်ဦးအတွက် ကျပ်(၁၀)သိန်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း အတွက် ဒဏ်ရာရရှိမှုရာခိုင်နှုန်းအလိုက် အကျိုးခံစားခွင့်ပေးလျော်ပါသည်။ ပစ္စည်းပျက်စီးမှုများ (ယာဉ်၊ အဆောက် အဦး၊ ဓာတ်တိုင်၊ ပလက်ဖောင်းတုံးများ စသည်အတွက်ပါ ပေးလျော်ပါသည်။ အထက်ပါ ထိခိုက်မှုများအတွက် အများဆုံး လျော်ကြေးငွေမှာ သိန်း ၅၀၀ ဖြစ်ပါသည်။

(၁၂) တဖက်ယာဉ်၏ မှားယွင်းမှုကြောင့် အာမခံထားသည့်ယာဉ် ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားပါက အာမခံထားသည့် ယာဉ်ပိုင်ရှင်ကတဖက်မှ ထိုက်သင့်သောလျော်ကြေး တောင်းခံရပါမည်။ တဖက်ယာဉ်မှရရှိသော လျော်ကြေး ငွေ အား Young Insurance သို့ တင်ပြရပါမည်။

(၁၃) အကျိုးဆက်ဆုံးရှုံးမှု၊ ယိုယွင်းပျက်စီးခြင်း ( Wear and Tear) များမှာ အာမခံလျော်ကြေးငွေတွင် အကြုံးဝင်ခြင်းမရှိပါ။ ဥပမာ - မော်တော်ယာဉ်ထိခိုက်ပျက်စီးမှုကြောင့် ယင်းမော်တော်ယာဉ်အား ဆက်လက် မောင်းနှင်ရန် မသင့်တော်သင့်အခါ ဆက်လက်မောင်းနှင်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ဆုံးရှုံး မှုများမှာ ယာဉ်ပိုင်ရှင်၏ တာဝန်သာ ဖြစ်ပါသည် ။

(၁၄) ထိခိုက်မှုဖြစ်ပွားသောအခါ ယာဉ်ဆက်လက်မောင်းနှင်၍ မရပါက ယာဉ်ပျက်ဆွဲယူစရိတ် (၁)သိန်းကျပ်ကို ရရှိမည် ဖြစ်ပါသည်။ အမှုရင်ဆိုင်ရပါက တရားရုံးစရိတ် (၂)သိန်းကျပ် ရရှိမည် ဖြစ်ပါသည်။

(၁၅) အာမခံသက်တမ်းအတွင်း No Claim Bonus ခံစား၍ နောက်ထပ်သက်တမ်းတိုးထားပြီး၊ ပထမသက်တမ်း မကုန်မီ ထိခိုက်မှု ဖြစ်ပွားပါက ခံစားထားသော NCB ကို ပြန်လည်ပေးသွင်းရမှာ ဖြစ်ပါသည် ။

(၁၆)တစ်နှစ်အတွင်း လျော်ကြေးငွေနှစ်ကြိမ်နှင့်အထက် တောင်းခံပြီးပါက နောက်နှစ်သက်တမ်းဆက်သည့် အချိန်တွင် ကျသင့်ပရီမီယံအပြင် ပရီမီယံ၏ ၁၅% ထပ်ဆောင်းပေးသွင်းရမည်ဖြစ်ပါသည်။

(၁၇) No Claim Bonus ခံစားခွင့်ပြုနိုင်ရန် တစ်လအတွင်း သက်တမ်းတိုးခွင့်ပြုထားသော်လည်း၊ သက်တမ်းပြည့် သည့်နေ့ နှင့် ငွေပေးသွင်းသည့်နေ့ အတွင်း Claims ဖြစ်ပေါ်ပါက NCB ကိုသာ ခံစားခွင့်ရှိမည်ဖြစ်ပြီး၊ Claims အတွက် လျော်ကြေးငွေကို ခံစားခွင့် ပြုမည် မဟုတ်ပါ။

(၁၈) ၂၄ နာရီ ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးထားပါသဖြင့် ဖော်ပြပါဖုန်းနံပါတ်များဖြစ်ကြသော (**09 448883300 / 09 448883311** ) သို့ အချိန်မရွေး ဖုန်းဆက်အကြောင်းကြားနိုင်ပါသည်။

YOUNG INSURANCE